လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# မြင့်မားစွာ တန်ဖိုးထားဂုဏ်ယူ မှတ်တမ်းတင်ပါသည်

ဆရာမဒေါက်တာ စင်သီယာမောင်အား (Unsung Hero of Compassion)ဆု နှင့် ဆရာမ ဒေါက်တာ ဒေါ်ခင်စောဝင်း အား **“အမ်ပါယာပြည်နယ်နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်**ဂုဏ်ပြုဆု” များ ချီးမြှင့်သည်ကို ကြားသိရပါသဖြင့် ဆရာမတို့အတွက် ကျွန်တော်တို့ တစ်ပါတီလုံးက ကြည်နူးဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါသည်။

မည်သည့်ယဉ်ကျေးသောလူ့ဘောင်လောက၊ မည်သည့်ယဉ်ကျေးသော လူ့အဖွဲ့အစည်း၌မဆို လှုပမွန်မြတ်သော စိတ်ကောင်းစေတနာထားရှိသူ၊ ခိုင်ခံ့မြင့်မားသော အကြင်နာတရားရှိသူ၊ တည်ကြည်မြဲမြံသော ဇွဲလုံ့လဝီရိယရှိသူ၊ ကိုယ်ကျိုးစွန့် အနစ်နာခံသူ၊ မတရားမှုနှင့် ကြုံလျှင် တရားသည့်ဘက်က သတ္တိရှိရှိ ရပ်တည်ဆောင်ရွက်ဝံ့သူ၊ ပညာအမြော်အမြင် ပြည့်ဝသူများကို မြင့်မားထိုက်တန်စွာ ချီးကျူးဂုဏ်ပြုကြစမြဲဖြစ်ပါသည်။

ဆရာမ ဒေါက်တာစင်သီယာမောင် နှင့် ဆရာမ ဒေါက်တာဒေါ်ခင်စောဝင်းတို့သည် အကန့်အသတ်ရှိသော မိမိတစ်ဦးချင်း ပုဂ္ဂလိကဘဝကို အကန့်အသတ်မရှိသော လူမျိုးပေါင်းစုံပြည်သူများအကျိုးအတွက် ပေးဆပ်ဆောင်ရွက်နေသူများ ဖြစ်ပါသည်။

ဆရာမတို့၏ လှုပမွန်မြတ်သော စိတ်ကောင်းစေတနာထားရှိမှု၊ ခိုင်ခံ့မြင့်မားသော အကြင်နာတရားထားရှိမှု၊ တည်ကြည်မြဲမြံသော ဇွဲလုံ့လဝီရိယရှိမှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ မတရားမှုနှင့်ကြုံလျှင် တရားသည့်ဘက်က သတ္တိရှိရှိ ရပ်တည်ဆောင်ရွက်ဝံ့မှု၊ ပညာအမြော်အမြင်ပြည့်ဝမှုများအတွက် ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ က မြင့်မားစွာ တန်ဖိုးထားဂုဏ်ယူမှတ်တမ်းတင်ပါသည်။

– ဆရာမတို့ လူမျိုးပေါင်းစုံပြည်သူများအကျိုး ဆထက်ထမ်းပိုး ဆက်လက်ဆောင်ရွက်နိုင်ပါစေ။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၄ ) ရက်။